# ယုံကြည်ခြင်းကို ရှာဖွေခြင်း

တစ်နေ့ စာအုပ်ဆိုင်တစ်ဆိုင်မှာ ဟိုဟိုဒီဒီ လှန်ဖတ်နေရင်းနဲ့ သမ္မာကျမ်းစာနဲ့ ပတ်သက်တဲ့ ဆောင်းပါးတွေပါတဲ့ စွယ်စုံကျမ်းတစ်စောင်ကို တွေ့လိုက်ပါတယ်။ သမ္မာကျမ်းစာထဲက ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေကို လောကီအမြင်နဲ့ ဘယ်လိုရေးလေမလဲဆိုတဲ့ သိချင်ဇောနဲ့ ဒံယေလ၊ ယေရမိ၊ဟေရှာယ စတဲ့ ပရောဖက်တွေ၊ ရှင်မဿဲ၊ ရှင်ပေတရု၊ ရှင်ပေါလုစတဲ့ တမန်တော်တွေရဲ့ အတ္ထုပတ္တိတိုလေးတွေကို ဖတ်ကြည့်လိုက်ပါတယ်။

အဲဒီမှာပဲ ကျွန်မ လက်ခံထားပြီးဖြစ်တဲ့ အချက်တွေကို တစ်ခုပြီးတစ်ခု မေးခွန်းထုတ်ခံရပါတော့တယ်။ ဟေရှာယ အနာဂတ္တိကျမ်းကိုရေးတဲ့လူသုံးဦးဖြစ်နိုင်ကြောင်း၊ တမန်တော်မဿဲက ရှင်မဿဲခရစ်ဝင်ကျမ်းကို မရေးတာဖြစ်နိုင်ကြောင်း၊ ရှင်ပေါလုက သြဝါဒစာတွေကို မရေးခဲ့တာဖြစ်နိုင်ကြောင်း စသဖြင့်ပေါ့။ ဆက်ကာဆက်ကာ ဝေဖန်ထားပါတယ်။ စာရေးသူက "ဒဏ္ဍာရီဆန်သော ယုံကြည်သက်ဝင်မှု"၊ "မထင်မရှားဖြစ်နေသော အာရုံ" စတဲ့ စကားလုံးတွေသုံးပြီး သမ္မာကျမ်းစာထဲက စာအုပ်တိုင်းဟာ အမှားတွေသာဖြစ်ပြီး အကြွင်းမဲ့ မယုံသင့်ကြောင်းကို ထောင့်စုံစေ့စုံ ရှင်းပြထားပါတယ်။ အာဒံနဲ့ဧဝကို "လူသားကို ကိုယ်စားပြုသော နမိတ်ပုံ နမူနာပုံစံ" အဖြစ်သာ ယူဆသင့်ကြောင်း၊ ကမ္ဘာဦးကျမ်းဟာ "လူသားရဲ့ဇစ်မြစ်နဲ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအပေါ် စာရေးဆရာအချို့ရဲ့အမြင်ကို ဖော်ပြခြင်းမျှသာ" ဖြစ်ကြောင်းရေးထားပါတယ်။

စာမျက်နှာတချို့ကိုဘဲ လှန်ရပါသေးတယ်။ ကျွန်မရင်ထဲမှာ ဟာတာတာကြီး ခံစားနေရပါတယ်။ ကျွန်မ ခန္ဓာကိုယ်ရဲ့ တစိတ်တပိုင်းကတော့ အဲဒီစာအုပ်ကို ပိတ်ပစ်ချင်ပါတယ်။ ဒါပေမယ့် ကျန်တဲ့တစ်ပိုင်းကတော့ သမ္မာကျမ်းစာအပေါ်မှာ ထားရှိတဲ့ ကျွန်မရဲ့ ယုံကြည်ခြင်းကို ပြန်နိုင်စေမယ့် စာတစ်ကြောင်းတစ်လေများ ပါလေမလားလို့ ဆက်လှန်နေမိတယ်။ ယေရှုခရစ်တော်အကြောင်းရေးထားတဲ့ စာပိုဒ်ရဲ့အောက်ဆုံးစာကြောင်းဆီကို ကျွန်မမျက်လုံးတွေ ရောက်သွားပါတယ်။ "ယေရှုရှင် ပြန်ထမြောက်ခြင်းနဲ့ပတ်သက်ပြီး သမ္မာကျမ်းစာကို မရမက မေးခွန်းထုတ်မှုများတွင် အငြင်းပွားစရာ အချက်တစ်ချက် ရှိနေပေသည်။ ၄င်းမှာ ယေရှု၏ နောက်လိုက်များသည် ဤအမှန်တရားအတွက် အသေခံရန် အသင့်ရှိနေကြခြင်းပင်တည်း"။

"နှစ်ပေါင်းများစွာအတွင်း မရေတွက်နိုင်လောက်သော လူများသည်လည်း ထို့အတူ အသေခံခဲ့ကြသည်" လို့ ထပ်ပြီးရေးလိုက်ချင်တယ်။ စာရေးဆရာဟာ ဘုရားရဲ့ နှုတ်ကပတ်တော်ကို ဖွင့်ချဖို့ ကြိုးစားခဲ့ပေမယ့် သူ့ရဲ့ တန်ခိုးတော်ကိုတော့ ရှင်းပြလို့ မရခဲ့ဘူး။

ကျွန်မ မှန်ကန်တယ်လို့ ခံစားရတယ်။ ပြီးတော့ ခုနတုန်းက အားနည်းလှတဲ့ ကျွန်မရဲ့ ယုံကြည်ခြင်းကိုတွေ့ပြီး ရှက်လာမိတယ်။ နောက်ဆုံးပိတ် စာသားလေးက ကျွန်မကို စိုးမိုးဖို့ ကြိုးစားနေတဲ့ ဒွိဟသံသယဖြစ်မှုတွေကို မောင်းထုတ်လိုက်ပြီးတော့ နောက်ထပ်မလာနိုင်အောင် ကျွန်မ နှလုံးသားတံခါးကို ပိတ်လိုက်ပါပြီ။

စွယ်စုံကျမ်းလိုပဲ ယုံကြည်ခြင်းကို လှိုက်စားအောင် လုပ်ထားတဲ့ စာအုပ်တွေဖတ်ပြီးနောက်မှာတောင်မှ လူတွေဟာ ဘာကြောင့် သမ္မာကျမ်းစာကို ယုံကြည်နေနိုင်သလဲဆိုတာကို ကျွန်မ သိလိုက်ပါပြီ။ ဘာလို့လဲဆိုတော့ ကျမ်းစာကို ဖတ်ခြင်းအားဖြင့် သူတို့ဟာ စာရေးဆရာအစစ်ဖြစ်တဲ့ ဘုရားသခင်နဲ့ သားတော်ယေရှုခရစ်တော်ကို သိမြင်တွေ့ထိရလို့ပဲဖြစ်တယ်။

ဘုရားရှင်ဟာ အသက်ရှင်ပြီး ကောင်းပါတယ်။ ယေရှုခရစ်တော်ဟာ ရှင်ပြန်ထမြောက်ရုံတင်မကဘူး၊ သူ့ကို ဖိတ်ခေါ်သူတိုင်းရဲ့ စိတ်ထဲမှာ အသက်ရှင်နေပါတယ်။ ပြီးတော့ သမ္မာကျမ်းစာထဲက စကားလုံးတွေဟာလည်း အသက်ရှင်နေပါတယ်။ ဒါတွေဟာ အမှန်ပဲလို့ ကျွန်မ ဘယ်လိုလုပ် သိနိုင်မလဲ? ဘာလို့လဲဆိုတော့ ကျွန်မကိုယ်တိုင်ကြုံရလို့ပါ။ ကျွန်မ သမ္မာကျမ်းစာကို ယုံပါတယ်။ သူ့ရဲ့တန်ခိုးကို ကျွန်မဘဝမှာ ခံစားရလို့ပါ။

ဘုရားသခင်၏ နှုတ်ကပတ်တရားတော်သည် အသက်ရှင်ခြင်း၊ တန်ခိုးနှင့်ပြည့်ပြင်ခြင်း၊ သန်လျက်တကာတို့ထက် ထက်ခြင်းနှင့်ပြည့်စုံသည်ဖြစ်၍ အသက်နှင့် စိတ်ဝိညာဉ်ကိုလည်းကောင်း အရိုးအဆစ်နှင့် ချဉ်ဆီကိုလည်းကောင်း ပိုင်းခြား၍ ထုတ်ချင်းခွင်းတတ်၏။ ဟေဗြဲ ၄း၁၂

## နှုတ်ကပတ်တော်သည် ယုံကြည်ခြင်း၏ အခြေခံအုတ်မြစ်ဖြစ်သည်။

ယုံကြည်ခြင်းကို သင်ဘယ်လိုရသလဲ? ဒါဟာဘုရားရဲ့ လက်ဆောင်ဖြစ်ပြီး ယူချင်တဲ့လူတိုင်းက ယူလို့ရတဲ့ အရာပါ။ ပြဿနာကတော့ လူအများစုဟာ သူတို့မလိုအပ်မချင်း မယူချင်ကြဘူး။ ပြီးတော့ သူတို့မှာ ယုံကြည်ခြင်းရဲ့ အခြေခံအုတ်မြစ်ဖြစ်တဲ့ နှုတ်ကပတ်တော်မရှိလို့ ယုံကြည်ခြင်းမရှိကြောင်း သိလိုက်ကြတယ်။ ပြီးတော့ သူတို့လုံးဝ ဒါမှမဟုတ် နည်းနည်းလေးပဲသိတဲ့အရာတစ်ခုအပေါ်မှာ ဘယ်လိုလုပ် ယုံကြည်ခြင်း ရှိနိုင်မှာလည်း?

အခြေမခိုင်တဲ့အိမ်ဟာ အိမ်ကောင်းမဖြစ်နိုင်သလို နှုတ်ကပတ်တော်မရှိဘဲနဲ့ ယုံကြည်ခြင်းဟာ မခိုင်မာနိုင်ဘူး။ ဘုရားကိုယုံတယ်ဆိုတာက နှုတ်ကပတ်တော်အပေါ်မှာ အခြေခံနေလို့ပဲ။ အဲဒါကြောင့် သင့်ကိုသင် ယုံကြည်ခြင်း အားနည်းတယ်လို့ခံစားရရင် ကုသနည်းက ရှင်းရှင်းလေးပါ။ ဘုရားနှုတ်ကပတ်တော်က သင့်ရဲ့ ယုံကြည်ခြင်းကို ပိုခိုင်မာစေမှာပါ။

ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့်ဖြစ်၏။ကြားနာခြင်းသည်လည်း ဘုရားသခင်၏ စကားတော်အားဖြင့်ဖြစ်၏ (ရောမ ၁၀း၁၇)။ နှုတ်ကပတ်တော်ကို ယုံကြည်စွာဖတ်ပြီး လေ့လာရင်၊ နှုတ်ကပတ်တော်ကို ဆင်ခြင်နှလုံးသွင်းရင် စကားလုံးတိုင်း စကားလုံးတိုင်းဟာ သင့်စိတ်ကို နှိုးဆွပြီးတော့ သင့်ရဲ့ယုံကြည်ခြင်းကို ပိုမိုတိုးတက်ခိုင်မာစေမှာပါ။ သင့်ရဲ့ အသဲနှလုံးထဲမှာ နှုတ်ကပတ်တော်ကနေလာတဲ့ အဖြစ်သဘောကိုမြင်တဲ့၊ အားတက်စေတဲ့ ယုံကြည်ခြင်းကို တိုးစေတဲ့ အတွေးတွေနဲ့သာ ပြည့်ဝစေလိုက်ပါ။ စုံစမ်းနှောက်ယှက်မှုကို တွန်းလှန်နိုင်တဲ့၊ အံ့သြဖွယ်သောအရာကို လုပ်စွမ်းနိုင်တဲ့၊ သူ့ရဲ့ ကျောက်စိုင်ကျောက်ခဲကဲ့သို့သော အမှန်တရားပေါ်မှာ တည်ဆောက်ထားပြီး မလဲမပြိုနိုင်တဲ့ ယုံကြည်ခြင်းအစစ်အမှန်ကို အံ့သြဖွယ်တွေ့ရမှာ မလွဲဧကန်ပါ။

ဒေးဗစ်ဘရန့်ဘာ့(ဂ)